အလ္လာဟ်အရှင်မြတ်သည် သူ၏ကျိန်ဆိုမှုကို ဖြည့်ဆည်းပေးတော်မူမည်။ ထို့ပြင်သူ၏ကျိန်ဆိုမှုကို မှန်ကန်စေပြီး သူ၏ တောင်းဆိုချက်နှင့် ဒုအာကိုလက်ခံဖြေကြားပေးတော်မူမည်။ ဂျဟန္နမ်ငရဲသားအများစုသည် "အုသုလ်" ခေါ်ကြမ်းတမ်းခက်ထန်သူ၊ အလွန်အငြင်းပွားသူ သို့မဟုတ် မ‌ကောင်းမှုကို ကျူးလွန်ရန်အလွန်ဆန္ဒပြင်းထန်သူများ ဖြစ်ကြသည်။ " ဂျောင်ဝ်ဝါးဇ်" ခေါ် မာနထောင် လွှားသူ၊ အစားကြူးသူ၊ ကိုယ် ခန္ဓာ ကြီးမားထွားကြိုင်းသူ၊ လမ်းလျှောက်ပုံတွင် မော်ကြွားသူများဖြစ်ကြသည်။ "မုသကတ်ဗိရ်" ခေါ် မာနထောင်လွှားသူ၊ အမှန်တရားကို ပယ်ချသူ၊အခြားသူများကို အထင်အမြင်သေးသူများ ဖြစ်ကြသည်။

http://www.sunnah.global/hadeeth/my/show/3573